# ပိုင်ဆိုင်မှုပစ္စည်း အခွန်များ

**ပိုင်ဆိုင်မှုပစ္စည်း အခွန် ပေးချေမှုများသည် အစောဆုံးသော အခွန်ပေးဆောင်ရန် ပျက်ကွက်မှု ဖြစ်ရပ်၏ အတိုး၊ ပြစ်ဒဏ်နှင့် အာမခံ အခကြေးငွေများအပေါ် သက်ရောက်ပါမည် ။ ကျန်ရှိနေသော လက်ကျန်ငွေအပေါ်တွင် ထပ်ဆောင်းအတိုးငွေများကို ကောက်ခံပါမည်။**

Burlington တွင် လူနေအိမ် ပိုင်ဆိုင်မှုပစ္စည်း ပိုင်ရှင်အများစုအတွက် **ပိုင်ဆိုင်မှုပစ္စည်းအခွန် ခရက်ဒစ် အစီအစဉ်များ** ရှိပါသည် ။ Burlington ရှိ နေအိမ်ကို မိမိတို့၏ အဓိကနေထိုင်ရာနေရာအဖြစ် ကြေငြာသော Burlington ဒေသခံများသည် **အိမ်ခြံမြေ အခွန်** အတွက် အကျုံးဝင်သည်။ HS-122 ဟု ခေါ်သည့် Vermont ပြည်နယ် အခွန်ပုံစံတစ်ရပ်ကို ဖြည့်စွက်ပေးပါ။ သင်သည် HI-144 ပုံစံကို တင်သွင်းခြင်းဖြင့် ဝင်ငွေအခြေပြု မြေယာအခွန်ခရက်ဒစ်အတွက် အကျုံးဝင်နိုင်ပါသည်။။ အစီအစဉ်နှစ်ခုစလုံးနှင့် ပတ်သက်သော ထပ်ဆောင်းအချက်အလက်များအား https://tax.vermont.gov/tax-forms-and-publications/individuals တွင် ရရှိနိုင်ပါသည်။

ပိုင်ဆိုင်မှုပစ္စည်း အခွန်ညှိနှိုင်းမှုအတွက် လျှောက်ထားသောအခါတွင် ဤနိုင်ငံအဆင့် လည်ပတ်သော အစီအစဉ်မှ (အခွန်တင်သွင်းချိန်၌) လက်ရှိ ဘဏ္ဍာနှစ်အတွင်း သင်၏ ပိုင်ဆိုင်မှုပစ္စည်း အခွန်များနှင့် ရှေ့ဘဏ္ဍာနှစ်မှ သင့်အိမ်ထောင်စု၏ ဝင်ငွေတို့ကို အစီရင်ခံရပါသည်၊ ထို့အတွက်ကြောင့် လူအများအပြားသည် ပိုင်ဆိုင်မှုပစ္စည်းအခွန် ညှိနှိုင်းမှုစနစ်တွင် "နောက်ကျနေခြင်း" သို့မဟုတ် "နောက်ကြောင်းပြန်ဖော်ပြခြင်း" ရှိနေသည်ဟု ဆိုကြခြင်းဖြစ်သည်။ ဤနေရာတွင် ပိုမိုသိရှိနိုင်သည်– https://tax.vermont.gov/property/education-property-tax-rates/faqs

**အကယ်၍ သင့်အိမ်ခြံမြေ သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်း အခွန်ခရက်ဒစ် တောင်းဆိုချက်နှင့် ပတ်သက်၍ မေးမြန်းစရာ ရှိမည်ဆိုပါက-**

- **Vermont အခွန်ဌာန ဖုန်းနံပါတ် 866-828-2865/802-828-2865 သို့ ခေါ်ဆိုပါ**
- **သို့မဟုတ် https://tax.vermont.gov/directory သို့ ဝင်ရောက်ပြီး စုံစမ်းမေးမြန်းမှုတစ်ခုကို အီးမေးလ်ပို့ရန် တစ်ဦးချင်းအလိုက် ဝင်ငွေခွန် လင့်ခ်ကိုနှိပ်ပါ။**

## ကျွန်ုပ်၏ ပိုင်ဆိုင်မှုပစ္စည်း အခွန်ကို အွန်လိုင်းတွင် ပေးဆောင်နိုင်ပါသလား။

ရပါသည်၊ **အွန်လိုင်း၌ ဤနေရာတွင်**ပိုင်ဆိုင်မှုပစ္စည်း အခွန်ကို ပေးဆောင်နိုင်ပါသည်။ လက်ကျန်ငွေဆိုင်ရာ စုံစမ်းမေးမြန်းမှုတွေအတွက် propertytaxes@burlingtonvt.gov ဒါမှမဟုတ် ဖုန်းနံပါတ် 802-865-7000 မှတစ်ဆင့် စာရေးရုံးကို ဆက်သွယ်ပါ။

သင်၏ မြေကွက် အိုင်ဒီနံပါတ်ကို သိရမည်ဖြစ်ပြီး ဤပုံစံ **000-0-000-000-000-000** ကို သုံးလျှက် ရိုက်ထည့်ရပါမည်

ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုပစ္စည်းဆိုင်ရာ ဒေတာဘေ့စ်တွင်လည်း မြေကွက် အိုင်ဒီနံပါတ်ကို ရှာဖွေနိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခများ ကျသင့်နိုင်ပါသည်။

## ပိုင်ဆိုင်မှုပစ္စည်းဆိုင်ရာ အခွန်များကို မည်သို့ပေး၍ရသေးသနည်း။

ပိုင်ဆိုင်မှုပစ္စည်း အခွန်များကို စာတိုက်မှတစ်ဆင့် ဒါမှမဟုတ် မြို့တော်ခန်းမမှာ လူကိုယ်တိုင် ပေးဆောင်နိုင်ပါသည်။ ချက်လက်မှတ်များနှင့် ငွေလွှဲစာများကို Burlington မြို့တော်သို့ ပေးချေရန်ဟု ဖော်ပြသင့်ပါသည်။

မြို့တော်ခန်းမသို့ တနင်္လာနေ့- သောကြာနေ့ နံနက် 8 နာရီ - ညနေ 4:30 နာရီအတွင်း လူကိုယ်တိုင် လာရောက်နိုင်သည်။ ငွေပေးချေမှုများကို မြို့တော်ခန်းမ အပြင်ဘက်ရှိ သေတ္တာပုံးထဲတွင် ထည့်ထားခဲ့နိုင်သည်။ အဆိုပါ သေတ္တာပုံးသည် Church Street ဝင်ပေါက်၊ မြေညီထပ်၏ အပေါ်ညာဘက်ခြမ်းတွင် ရှိသည်။ မိမိ၏ငွေပေးချေမှုအတွက် ပြေစာရလိုသော အခွန်ထမ်းများအနေဖြင့် ငွေပေးချေရာတွင် လိပ်စာတစ်ပါတည်းပါရှိသော တံဆိပ်ခေါင်းကပ်ထားသည့် စာအိတ်တစ်အိတ်ကို ပူးတွဲပေးပို့နိုင်သည် သို့မဟုတ် သင့်ထံသို့ အီလက်ထရောနစ်နည်းဖြင့် ပြေစာပေးပို့နိုင်ရန် သင့်အီးမေးလ်လိပ်စာ ထည့်ရေးလျက် စာဖြင့်ရေးသား တောင်းဆိုနိုင်သည်။

ငွေပေးချေမှုများကို ဤလိပ်စာသို့ စာပို့ပေးနိုင်ပါသည်-

City of Burlington
အကြောင်းအရာ- ပိုင်ဆိုင်မှုပစ္စည်း အခွန်
စာတိုက်သေတ္တာအမှတ် 22086
Albany, NY 1201-2086

## ကျွန်ုပ်၏ အခွန်တောင်းခံလွှာကို အခြားလိပ်စာတစ်ခုသို့ မည်သို့ပေးပို့စေနိုင်သနည်း။

စာပို့လိပ်စာ ပြောင်းလဲရန် ဖောင်ပုံစံ တစ်စောင်ကို ဖြည့်စွက်ပေးရန် လိုပါမည်။ ထိုပုံစံကို ဆန်းစစ်သူ၏ ရုံး ဒါမှမဟုတ် အီးမေးလ် mailassessor@burlingtonvt.gov သို့ ပြန်လည်ပေးပို့ပါ။

## ကျွန်ုပ်၏ အခွန်သည် မည်သည့်အချိန်တွင် ပေးဆောင်ရန်ပျက်ကွက်မှု ဖြစ်မည်နည်း။

**ပိုင်ဆိုင်မှုပစ္စည်း အခွန်များသည် ဇွန်လ 12 ရက်နေ့တွင် အချိန်စေ့ပါမည်။** ကျန်ရှိသော ပိုင်ဆိုင်မှုပစ္စည်း အခွန်မှန်သမျှကို ဇွန် 22 ရက်နေ့နောက်ဆုံးထား မပေးဆောင်ပါက သင့်အကောင့်ကို ပျက်ကွက်ဟု သတ်မှတ်ပါလိမ့်မည်။ **ပျက်ကွက်ဒဏ်ကြေး မပေးဆောင်ရစေရန် စာတိုက်တံဆိပ် ရိုက်နှိပ်ထားသော ငွေပေးချေမှုများကို ဘဏ္ဍာရေးမှူး စာရေး၏ ရုံးတွင် ဇွန် 22 ရက် ညနေ 4:30 နောက်ဆုံးထားလျက် လက်ခံရရှိရမည် သို့မဟုတ် အွန်လိုင်းမှတစ်ဆင့် ပေးချေရမည်။** <u>အမေရိကန် စာတိုက်ရုံးမှ ဇွန် 23 ရက်နှင့် နောက်ပိုင်းကာလ စာတိုက်တံဆိပ် ပါရှိသော သို့မဟုတ် 2023 ခုနှစ် ဇွန်လ 22 ရက်နောက်ပိုင်းမှ မြို့တော်ခန်းမတွင် လာရောက်ပေးဆောင် (သို့) အွန်လိုင်းမှတစ်ဆင့် ပေးချေသော အခွန်ပေးဆောင်မှုများသည် နောက်ကျသည်ဟု သတ်မှတ်မည်ဖြစ်ပြီး သင့်အကောင့်မှာ ပျက်ကွက်မှုဖြစ်ကာ အခွန်ပျက်ကွက်မှု ဝရမ်းစာရင်းတွင် ထည့်သွင်းခံရပါမည်။</u> သင်သည် ပျက်ကွက်မှုဒဏ်ကြေး 8% (ရှစ်ရာခိုင်နှုန်း) နှင့် ကျန်ရှိသော အခွန်မှန်သမျှအတွက် ဝရမ်းကြေး $1.00 ကို တစ်ကြိမ် ပေးဆောင်ရမည်ဖြစ်ပြီး ဤဘဏ္ဍာရေးနှစ်အတွက် ကျသင့်ပြီးဖြစ်သော အတိုးမှန်သမျှမှာ ဆက်ရှိနေပါမည်။ ကျန်ရှိသောပမာဏတွင် သင်၏ တတိယလေးလပတ် အခွန်အရစ်ကျပမာဏ ပါဝင်နေလျှင် အရစ်ကျပမာဏအတွက် ထပ်ဆောင်းအတိုး 4% (လေးရာခိုင်နှုန်း) ထပ်မံကျသင့်ပါမည်။

## အခွန်ကို စောစီးစွာ ပေးဆောင်ခြင်းအတွက် လျှော့ဈေးရှိပါသလား။

မရှိပါ။

## နောက်ကျမှ ပေးဆောင်နိုင်သည့် ကင်းလွတ်ခွင့်အချိန်ကာလ ရှိပါသလား။

မရှိပါ၊ သို့သော် နောက်ဆုံးသတ်မှတ်ရက် သို့မဟုတ် ထိုရက်မတိုင်မီ စာတိုက်တံဆိပ်ပါရှိသော စာအိတ်များကိုမူ ဒဏ်ကြေးမကောက်ဘဲ လက်ခံပေးပါမည်။

## ကျွန်ုပ်၏ အကောင့်အပေါ်တွင် အကဲဖြတ်ထားသည့် ဒဏ်ကြေးကို သဘောမတူဘူးဆိုရင်ကော။

သင်သည် ဒဏ်ကြေးကို အခွန်လျှော့ချရေး ဘုတ်အဖွဲ့သို့ အယူခံဝင်နိုင်ပါသည်။။ သို့သော် ပျက်ကွက်အခွန်မှန်သမျှအပေါ်တွင် အတိုးကို ဆက်လက်ပေါင်းထည့်နေပါမည်။

## နောက်ဆုံးသတ်မှတ်ရက်သည် စနေ၊ တနင်္ဂနွေ ဒါမှမဟုတ် အားလပ်ရက်များတွင် ဖြစ်နေရင်ကော။

နောက်ဆုံးသတ်မှတ်ရက်သည် စနေ၊ တနင်္ဂနွေ ဒါမှမဟုတ် အားလပ်ရက် ဖြစ်နေပါက နောက်တစ်ကြိမ် ရုံးဖွင့်ရက်မတိုင်မီအထိ ငွေပေးချေမှုကို ဒဏ်ငွေမကောက်ဘဲ လက်ခံပေးပါမည်။

## မည်သည့်အချိန်တွင် ပိုင်ဆိုင်မှုပစ္စည်း အခွန်များအတွက် အချိန်စေ့ပါသနည်း။

ပိုင်ဆိုင်မှုပစ္စည်းအခွန်များကို သုံးလတစ်ကြိမ် ပေးဆောင် ခြင်းအဖြစ် ခွဲထားသည်။ ငွေပေးချေမှုများကို နှစ်စဉ် ဩဂုတ်လ၊ နိုဝင်ဘာ၊ မတ်လနှင့် ဇွန်လ 12 ရက်နေ့တွင် ပေးဆောင်ရမည်ဖြစ်သည်။ 12 ရက်နေ့သည် စနေ၊ တနင်္ဂနွေနေ့ ဖြစ်နေပါက နောက်ရုံးဖွင့်ရက်တွင် ငွေပေးချေရပါမည်။

## အခွန် ငွေတောင်းခံလွှာအသစ်ကို မည်သည့်အချိန်တွင် လက်ခံရရှိမည်နည်း။

အခွန်ငွေတောင်းခံလွှာများကို ဇူလိုင်လတွင် နှစ်စဉ် စာတိုက်မှ ပို့ပေးသည်။